နောက်ဆုံးအချိန်အထိ၊ ယေရှုသည် ချစ်ခြင်း မေတ္တာအားဖြင့် နောင်တရရန် ဆွဲဆောင်ခဲ့လေ၏။ ယုဒရှကာရုတ်သည် သူ့အား သစ္စာဖောက်ရန် သဘောတူညီခြင်းရခဲ့ပြီးသည့် အချိန်ထိတိုင် ယေရှုသည် သူ၏ခြေကို အခြားတပည့်တော်များနှင့်အတူ ဆေးပေးခဲ့သေး၏။ ဝမ်းနည်းစရာမှာ၊ ယုဒရှကာရုတ်သည် နောင်တရရန် နောက်ဆုံးအကြိမ်ဖိတ်ခေါ်ခြင်းကိုလည်းပဲ ငြင်းပယ်ခဲ့လေသည်။ ထိုအရာသည် ယေရှုအား အဘယ်မျှလောက် စိတ်မသာဖွယ်ဖြစ်မည်နည်း! (ရှင်ယောဟန်ခရစ်ဝင် ၁၃း၂၁-၃၀)

ယုဒရှကာရုတ်က ယေရှုသည် ဂေသရှေမန်ဥယျာဉ်ထဲ ထိုလူများထဲမှ မိမိကိုယ်ကို လွတ်မြောက်လိမ့်မည်ဟု သူထင်ခဲ့မိသည်။ ယေရှုသည် မိမိကိုယ်ကို မလွတ်မြောက်စေပဲ အဖမ်းခံခြင်းနှင့် ခေါ်ဆောင်ခြင်း ခံရသောအခါ၊ ယုဒရှကာရုတ်သည် အံ့သြခဲ့၏။ တရားစီရင်ရုံးအထိ တောက်လျှောက် သူသည် ယေရှုက မိမိကိုယ်ကို လွတ်မြောက်လိမ့်မည်အထင်နဲ့ လိုက်၍ကြည့်ခဲ့လေ၏။ သို့သော် နာရီအတော်ခန့်ကြာလာသည်နှင့်အမျှ၊ ယေရှုသည် ဆက်လက်၍ ဝေဒနာများကို နှိမ့်ချစွာ ခံစားနေခဲ့၏။ ထိုအန္တရာယ်ရှိသော ကြောက်ရွံ့မှုသည် ယုဒရှကာရုတ်၏စိတ်ထဲတွင် တဖြည်းဖြည်းကြီးထွားခဲ့လေတော့သည်။



နောက်ဆုံး၌၊ ယုဒရှကာရုတ်သည် မိမိပေးခဲ့သည့် ယေရှုခံရသောဝေဒနာကြောင့် ကြာကြာမခံရပ်နိုင်တော့ချေ။ ချက်ချင်း၊ ယုဒရှကာရုတ်သည် "ကိုယ်တော်ကို သနားတော်မူပါ၊ ကယာဖ။ အကျွန်ုပ်ပြစ်မှားပါပြီ၊ အပြစ်မရှိသောသူ၏အသွေးကို အပ်မိပါပြီ" ဟု ကျယ်လောင်သော အသံဖြင့် ငိုကြွေးခဲ့လေ၏။ ထို့နောက် သူသည် ယေရှုကို ရောင်းသောငွေအသာပြား သုံးဆယ်ကို ယဇ်ပရောဟိတ် ရှေ့တွင် ပစ်ချခဲ့၏။ ကယာဖသည်လည်း အရှက်ရခဲ့၏။ ထိုအချိန်တွင် ဘာသာရေးခေါင်းဆောင်များသည် ယုဒရှကာရုတ်ကို လာဘ်ထိုးခဲ့ကြောင်း လူတိုင်းသိခဲ့ကြသည်။ သူဘာတွေပြောဆိုခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၇း၃၊ ၄။

ယုဒရှကာရုတ်သည် ယေရှုကို ထိုလူများမှ မိမိကိုယ်ကို လွတ်မြောက်ရန် တောင်းပန်ခဲ့သည်။ သို့သော် ထိုအံ့သြဖွယ်ကောင်းသော လူအုပ်ကြီးကို ယေရှုသည် သနားခြင်းဂရုဏာသက်စွာဖြင့် သူကြွလာခြင်းသည် ဤအကြောင်းကြောင့် ဤလောကသို့ ကြွလာခြင်းဖြစ်သည်ဟု ပြောခဲ့လေ၏။ ယုဒရှကာရုတ်သည် သူ၏ အမှားအတွက် အလွန်နောက်ကျကြောင်းသိသောအခါ၊ အပြင်းအထန်စိတ်ခံစားရပြီး အဆောက်အဦးအပြင်ဘက်သို့ အပြေးအလွှားသွားပြီး မိမိကိုယ်ကို ချိတ်ဆွဲအဆုံးစီရင်ခဲ့လေသည်။

**လက်တွေ့ကျင့်သုံးရန်** - ထိုညချင်းတွင် ပေတရုနှင့် ယုဒရှကာရုတ်တို့ နှစ်ယောက်စလုံးသည် ကြီးမားသောအပြစ်ကို လွန်ကျူးခဲ့ကြသည်။ နှစ်ယောက်စလုံးသည် အပြင်းအထန်စိတ်ပျက်ပြီး အဆောက်အဦးအပြင်သို့ အပြေးအလွှားသွားခဲ့ကြသည်။ သို့သော် ယုဒရှကာရုတ် သည် မိမိကိုယ်ကို ချိတ်ဆွဲစီရင်နေသည့်အချိန်၊ ပေတရုသည် ပြောင်းလဲခဲ့သည်။ ဘယ်အရာက ခြားနားမှုရှိသနည်း။ ယုဒရှကာရုတ်သည် ငြင်းပယ်သောအခါ၊ ပေတရုသည် သူ၏အတွေးများနှင့် လုပ်ဆောင်မှုများကို ပြောင်းလဲရန် ယေရှုကို ခွင့်ပြုခဲ့သည်။ သင့်အနေဖြင့် ပေတရုကဲ့သို့ ရွေးချယ်မလား သို့မဟုတ် ယုဒရှကာရုတ်ကဲ့သို့ ရွေးချယ်မလား။

## သောကြာနေ့ ၊ လွှတ်တော်၏စစ်ဆေးစီရင်ချက် (ရှင်လုကာခရစ်ဝင် ၂၂း၆၆-၇၁) ၄

သောကြာနေ့မနက်စောစောအချိန်တွင် လွှတ်တော်ကောင်စီသည် ယေရှုကို ပြစ်ဒဏ်ချမှတ်ခဲ့လေ၏။ သို့သော် လွှတ်တော် ကိုယ်စားလှယ်အားလုံး မဟုတ်ခဲ့ချေ။ ထိုမျှမက၊ ညအချိန်၌ တစ်ယောက်ယောက်ကို ပြစ်ဒဏ်စီရင်ချက်ချခြင်းသည် သူတို့၏ဥပဒေနဲ့လည်း ဆန့်ကျင်ဘက်ဖြစ်သည်။

ထို့ကြောင့်၊ အာရုဏ်ဦးအချိန်ရောက်သောခါတွင်၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ယေရှုကို မေးခွန်းမေးခဲ့ကြလေ၏။ ည အချိန်ဖမ်းသွားခြင်းခံချိန်အတောအတွင်းတွင် မေရှိယဖြစ်ကြောင်းပြောပြခဲ့ပြီးဖြစ်သည်။ သူတို့သည် အားလုံးကြားဖို့ရန်အတွက် သူညအချိန်တုန်းက ပြောသကဲ့သို့ ပြန်ပြောမည်ကို မျှော်လင့်ခဲ့ကြ၏။ ထို့နောက် သူတို့သည် သခင်ယေရှု၏စကားကို ချာလည်လှည့်ပြီး၊ သူသည် ရောမအုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်သောသူအဖြစ်ရောက်အောင် လှည့်ပတ်ခဲ့ကြ၏။ သခင်ယေရှုသည် အဘယ်သို့တုန့်ပြန်ခဲ့သနည်း။ ရှင်လုကာခရစ်ဝင် ၂၂း၆၆ -၇၀။

ထို့နောက်၊ လွှတ်တော်သည် ယေရှုကို သေမိန့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ သူတို့သည် ဘာပြောဆိုခဲ့ကြသနည်း။ အငယ် ၇၁။ ထို အချိန်တွင် သူတို့သည် သူတို့ရည်ရွယ်ထားသည့်အတိုင်း ရောက်လု နီးပါးဖြစ်ခဲ့၏။ တစ်ခုတည်းကျန်သေးသောအရာမှာ ရောမအုပ်ချုပ်သူ၊ ပိလတ်မင်းထံသို့ သေမိန့်ချဖို့ရန် သဘောတူခြင်းတစ်ခုသာ လိုတော့သည်။ သို့မှသာ ယေရှုကို သတ်နိုင်မည်ဖြစ်၏။

လူအုပ်ကြီးသည် ကောင်စီ၏ဆုံးဖြတ်ချက်ကို ကြားသောအခါတွင်၊ သူတို့၏တုန့်ပြန်မှုသည် အရင်ထက် ပို၍ဆိုးရွားလာခဲ့၏။ သူတို့သည် ယေရှုကို ဝန်တင်တိရစ္ဆာန်အရိုင်းတစ်ကောင်ကဲ့သို့ စီရင်ရန် တွန်းအားပေးခဲ့ကြ၏။ အားကြီးသော ရောမစစ်သားများက သူတို့ကို မထိန်းချုပ်မတားဆီးပါက ယေရှုကို အပိုင်းပိုင်းဆွဲဖြဲရန် အထိဖြစ်နေခဲ့ကြ၏။ လူအုပ်ကြီးများ ယေရှုကို ထိုကဲ့သို့ ဆက်ဆံနေသည်ကို ရောမများသည် စိတ်ဆိုးခဲ့ကြ၏။ထိုအချိန်ထိတိုင်၊ ယေရှု၌ရာဇဝတ်အပြစ်ရှိကြောင်း အဘယ်သူမှ သက်သေမပြနိုင်ခဲ့ချေ။ သူတို့သည်လည်း သူ(ယေရှု)၏ ကိုယ်တိုင်သက်သေခံချက်အပေါ်မူတည်ပြီး ပြစ်တင်စီရင်ခြင်းသည် သူတို့ကိုယ်တိုင် သူတို့၏ဥပဒေကို ဆန့်ကျင်သလိုဖြစ်နေကြောင်း ဘာသာရေးခေါင်းဆောင်များကို သတိပေးခဲ့၏။

ဤအချက်ကြောင့် သူတို့ကို အနည်းငယ်ခန့်ငြိမ်သက်စေခဲ့သည်၊ သို့သော် သိပ်မကြာခဲ့ပေ။ ယဇ်ပရောဟိတ်များနှင့် အုပ်ချုပ်သူများသည် ယေရှုကို ဆဲဆိုစော်ကားရန်နှင့် စွပ်စွဲရန်အတွက် ထိုလူထုကြီးနှင့် ပူးပေါင်းခဲ့သည်။ သူတို့သည် ယေရှု၏မျက်နှာကို တံတွေးဖြင့်ထွေးပြီး လက်သီးဖြင့် ထိုးနှက်ခဲ့ကြသည်။ သူတို့ထင်ရာအတိုင်း ဆဲရေးစော်ကားခဲ့သည်။ ယေရှု၏ခေါင်းကို အဝတ်ဟောင်းဖြင့် ပတ်စည်းပြီးရိုက်နှက်ခဲ့ကြသည်။ အချို့တို့သည်လည်းပါးတော်ကိုလက်နှင့်ပုတ်၍၊ "အချင်းခရစ်တော်၊ ကိုယ်တော်ကို အဘယ်သူပုတ်သည်ကို ပရောဖက်ပြု၍ဟောတော်မူပါဟုဆိုကြ၏။"

**လက်တွေ့ကျင့်သုံးရန်** - ခရစ်တော်ယေရှုကိုလုပ်ခဲ့သော အမြင်အားဖြင့်စော်ကားခြင်း၊ စကားအားဖြင့်သော်လည်းကောင်း၊ အပြုအမူအားဖြင့်သော်လည်းကောင်း စော်ကားခြင်းအားလုံးကို ကောင်းကင်တမန်များသည် ပြုစုမှတ်သားခဲ့သည်။ သူတို့သည် ထိုသို့ပြုမူပြီး နောက်မှ နောင်တရခဲ့သူဖြစ်ဖြစ် တစ်ယောက်စီတိုင်းသည် တစ်နေ့ ထိုကြောက်မက်ဖွယ်ရာ မှတ်တမ်းများနဲ့ တွေ့ကြုံဖြေရှင်းကြရမည် ဖြစ်သည်။ ယနေ့ သင့်ရဲ့အမြင်များ၊ စကားများနှင့် အပြုအမူများအားလုံးကို ကောင်းကင်တမန်များ မှတ်သားထားသည်ကို သင်မြင်တွေ့ဖို့ရန် ရှက်ကြောက်နေမည်လား။ ကောရိန္သုဩဝါဒစာဒုတိယစာစောင် ၅း၁၀။ သင်၏အတိတ်မှာ လုပ်ခဲ့သည့်အရာများအတွက် သင့်မှာ ခွင့်လွှတ်ခြင်းတရားကို တောင်းဆိုဖို့ရန် လိုအပ်သောအရာတစ်ခုခုများ ရှိပါသလား။ ရှင်ယောဟန်ဩဝါဒစာပထမစာစောင် ၁း၉။

# ပြစ်ဒဏ်ချမှတ်ရန် ကြိုးပမ်းကြသူများ

YR C NO. 1

အလွှတ်ကျမ်းချက်။ - ဟေရှာယအနာဂတ္တိကျမ်း ၅၃း၃

"မထီမဲ့မြင်ပြုခြင်းကို ခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကြဉ်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သော သူဖြစ်၏။ သူတပါးမျက်နှာလွှဲခြင်းကို ခံရသောသူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။"



## တနင်္ဂနွေနေ့ ၊ အန္နတ်ရှေ့၌ (ရှင်ယောဟန် ၁၈း၁၉-၂၄) ၁

ညသန်းခေါင်ကျော်လွန်ချိန်တွင်၊ လူတစ်စုက ယေရှုကို ရာဇ ဝတ်သားများပမာပြု၍ ဖမ်းဆီးချည်နှောင်ပြီး၊ သူ့ကို ဂေသရှေမန် ဥယျာဉ်မှ ယဇ်ပရောဟိတ်မင်းကြီး အန္နတ်ရှိသည့်နန်းတော်၊ ယေရှုရှလင်မြို့သို့ အလျင်အမြန် ခေါ်ဆောင်ခဲ့ကြ၏။



ရောမလူမျိုးတို့သည် သေဒဏ်ချမှတ်ခြင်းမပြုမီမည်သည့်သေဒဏ်ကိုမဆို ဘာသာရေးခေါင်းဆောင် (ကျမ်းတတ်ပုဂ္ဂိုလ်) များနှင့် သဘောတူညီမှု ယူရသည်။ ထိုအချိန်၌ သူတို့သည် ယေရှုကို သေထိုက်သော အပြစ်ရှိသည်ဟု စီရင်ဖို့ရန် ဘာသာရေးခေါင်းဆောင်များက ယေရှုအား ရာဇဝတ်မှုဖြင့် တရား စွဲဆိုခဲ့၏။ ထို့ကြောင့် သူတို့က ယေရှု၏ လုပ်ဆောင်ချက်သည် ရောမအစိုးရအုပ်ချုပ်ခြင်းကို ဆန့်ကျင်သည်ဟု ယေရှုကို စွပ်စွဲဖို့ရန် ဆုံးဖြတ်ခဲ့ကြလေ၏။



ယဇ်ပရောဟိတ်မင်းအန္နတ်သည် ယေရှုကို သူ၏ လုပ်ဆောင်ချက်အကြောင်းကို စစ်ဆေးမေးမြန်းခြင်း အစပြုခဲ့လေ၏။ ယေရှုက လျှို့ဝှက်အဖွဲ့အစည်းတစ်ခု ဖွဲ့နေကြောင်း စွပ်စွဲ၍ ယေရှု တစ်ခုခုပြောမည်ကို သူ(အန္နတ်) မျှော်လင့်ခဲ့သည်။ သို့သော်အန္နတ် ဘာကို လုပ်ဆောင်ရန် ကြိုးစားနေသည်ကို ယေရှုသည် ချက်ချင်းသိခဲ့သည်။ ထို့ကြောင့် ယေရှုသည် အဘယ်သို့ တုန့်ပြန်ခဲ့သနည်း။ ရှင်ယောဟန် ၁၈း၁၉၊ ၂၀။

ဘာသာရေးခေါင်းဆောင်များ၏ အကြံအစည်များမှာ အလွန်ကြောက်မက်ဖွယ်ကောင်းလှပေ၏။ သူတို့သည် ညအချိန်၌ အလျင်အမြန် လျှို့ဝှက်စွာဖြင့် ရုံးတင်စစ်ဆေးခဲ့လေ၏။ ယေရှုသည် လျှို့ဝှက်သူ မဟုတ်ပဲ သူတို့သာ လျှို့ဝှက်သောသူများ ဖြစ်ကြသည်။ ထို့နောက် ယေရှုသည် သူတို့အား ဘာပြောဆိုခဲ့သနည်း။ အငယ် ၂၁။

ထိုအချိန်တွင် အန္နတ်သည် သူ၏ လျှို့ဝှက်သောအရာတစ်ခုခုအား ယေရှု ပြောမည်ကို ကြောက်ရွံ့တုန်လှုပ်ခဲ့လေ၏။ ထို့နောက် အရာရှိတစ်ယောက်သည် စိတ်ဆိုး၍ ယဇ်ပရောမင်းအန္နတ်ရှေ့တွင် ယေရှုကို ရိုက်နှက်ခဲ့လေ၏။ သို့သော် ယေရှုက ထိုအရာရှိအား တခြား ဘာမှ မတုန့်ပြန်ဘဲ၊ တိတ်ဆိတ်စွာနေလေ၏။ အငယ် ၂၂၊ ၂၃။

ယေရှုက အပြစ်ကို မုန်းသည်။ သူ၏စာရိတ္တသည် အလွန်ဖြူစင်သည်။ စာတန်သည် ယေရှု၏နှလုံးသားထဲသို့ ကြီးမားသော ဝမ်းနည်းခြင်းနှင့် ပူဆွေးခြင်းဒုက္ခကို ယူလာပေးခဲ့သည်နည်းတူ ထိုလူများသည် ယေရှုကို ပြုမူခဲ့ကြ၏။ ယေရှုသည် သူ့ခမည်းတော်၏တန်ခိုးတော်ကို ချက်ချင်းရရှိနိုင်ပြီး၊ ထိုဆိုးညစ်သောလူအုပ်ကြီးထဲမှာ လူတိုင်းကို သူသည် ဘုရားသခင်၏သားတော် ဖြစ်ကြောင်းကို အတင်းအကြပ် ဝန်ခံဖို့ရန် လုပ်နိုင်ကောင်းလုပ်နိုင်ခဲ့သည်။

သို့သော် သူသည် ထိုသို့ မလုပ်ခဲ့ပေ။ သူသည် ကျွန်ုပ်ကဲ့သို့သော လူသားစစ်စစ်အဖြစ်ကိုသာ ရွေးချယ်ခဲ့သည်။ လူသားတစ်ယောက်ကဲ့သို့ ဒုက္ခအားလုံးကို သူခံယူခဲ့၏။ သူ၏ ဘုရားသခင်၌ ယုံကြည်ကိုးစားခြင်းသည် ကျွန်ုပ်တို့အား ဖြောင့်မတ်ခြင်းကို ပေးစေသည်။ ကျွန်ုပ်တို့အခြေအနေသည် မည်မျှအန္တရာယ်ရှိသော်လည်း မမှုဖို့ရန် ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်** - ကျွန်ုပ်တို့သည် ယေရှုကြုံတွေ့အောင်နိုင်ခဲ့သည်နည်းတူ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ကယ်တင်ဖို့ရန် ဘုရားသခင်၏တန်ခိုးတော်ကို သုံးပြီး ကြီးမားသောစုံစမ်းခြင်းကို ဘယ်တော့မှ ရင်ဆိုင်ရမည် မဟုတ်ပါ။ ယေရှုကိုယ်တိုင်လည်း ထိုတန်ခိုးကို အသုံးမပြုခဲ့ချေ။ သို့သော် သူသည် ထိုစုံစမ်းခြင်းကို အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ယုံကြည်ကိုးစားခြင်းအားဖြင့် တွန်းလှန်အောင်မြင်မည်ဖြစ်သည်။

သင်ရော စုံစမ်းခြင်းကို တွန်းလှန်ခြင်း၌ အောင်မြင်သောသူ ဖြစ်ချင်ပါသလား။ ယေရှုလုပ်ခဲ့သည်နည်းတူ သင်ဘုရားသခင်ကို ကိုးစားအမှီပြုဖို့ရန်သာ ရွေးချယ်ပါက၊ သင်အောင်မြင်လိမ့်မည်။

## တနင်္လာနေ့ ၊ ကယာဖရှေ့၌ (ရှင်မဿဲခရစ်ဝင် ၂၆း၅၇-၆၆) ၂

ဘာသာရေးခေါင်းဆောင်များသည် ယေရှုကို ပြစ်တင်ရှုတ်ချရန် လျှန်မြန်ခဲ့ကြ၏။ ရက်အတိုအတောအတွင်းမှာ ယေရှုကို သတ်ချင်ကြ၏။ သို့သော် သူတို့၏အကြံအစည်များသည် ပဿခါပွဲကြောင့် တပတ်လုံးနှောင့်နှေးခဲ့လေသည်။ ထိုအချိန်တွင် ယေရှုကို သေစေနိုင်လောက်အောင် ဆန့်ကျင်သောလူအုပ်စုသည် စိတ်ပျက်သွားပြီး၊ သူတို့သည် ကိုယ်တော်အား ဖယ်ရှားရန် အခွင့်အရေး ဆုံးရှုံးလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ယေရှုသည် ယဇ်ပုရောဟိတ်မင်းများနှင့် ယဇ်ပုရောဟိတ်မင်းကယာဖ၏ စစ်ဆေးမေးမြန်းခြင်းကို ခံဖို့ရန် ချက်ချင်းထွက်လာခဲ့သည်။

© ၂၀၂၂ - My Bible First www.mybiblefirst.org ales@mybiblefirst.org

ကာယာဖသည် ယေရှုကို မုန်းတီး၏၊ သို့သော် သူသည် ယေရှု ၏ တည်ငြိမ်စွာ ရပ်နေခြင်းနှင့် ဂုဏ်အသရေကို မြင်သောအခါတွင် လူတိုင်းက တစ်ခုခုလုပ်ရန်အတွက် အလွန်စိတ်လှုပ်ရှားသော်ငြားလည်း သူသည် ဤသူက ဘုရားဖြစ်ရမည်ဟု ရုတ်တရက် သိမြင်ခဲ့သည်။ သို့သော် သူသည် ဤအတွေးကို ချက်ချင်းပယ်လိုက်ပြီး၊ ပျက်ရယ်ပြုကာ နိမိတ်လက္ခဏာ တစ်ခု တောင်းဆိုခဲ့၏။

ဘာသာရေးခေါင်းဆောင်များသည် သခင်ယေရှုကို သေလောက်သော အပြစ်သက်သေအထောက်အထားကောင်းများ ရှာဖွေသော်လည်း မတွေ့ရှိနိုင်ကြပေ။ ထို့ကြောင့် သူတို့သည် ယေရှုမိန့်တော်မူခဲ့သည့်အရာ သို့မဟုတ် လုပ်ဆောင်ခဲ့သောအရာများ အကြောင်းကို မရိုးသားသောသူများအား လိမ်လည်သက်သေခံဖို့ရန်လာဘ်ထိုး၍ လုပ်ခဲ့ကြ၏။ ထိုသူတို့သည် တစ်ယောက်ပြီးတစ်ယောက် လိမ်လည်ပြောခဲ့ကြလေ၏၊ သို့သော် တစ်ယောက်သောသူ၏ သက်သေကို တခြားတစ်ယောက်က သဘောမတူခဲ့ကြပေ။ ထိုမှားယွင်းသော သက်သေခံချက်များကို ယေရှုသည် အဘယ်သို့ တုန့်ပြန်ခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၆း၆၂၊ ၆၃။ ဟေရှာယ ၅၃း၇။

အဆိုပါ ရုံးတင်စစ်ဆေးချက်သည် ဘယ်နေရာတွင်မှ အဆင်မပြေခဲ့ချေ။ ကယာဖသည် အပူတပြင်းဖြစ်ခဲ့လေတော့၏။ သို့သော် တစ်ခုတည်းသော သူလုပ်နိုင်သောအရာမှာ ယေရှုအား မိမိကိုယ်ကို အပြစ်ဝန်ခံရန် သို့မဟုတ် အပြစ်မရှိသော်လည်း အပြစ်ရှိသည်ဟု အတင်းအကြပ်ဝန်ခံခိုင်းရန်သာဖြစ်သည်။ သူသည် ယေရှုကို မည်သို့မေးမြန်းခဲ့သနည်း။ ထို့နောက် ယေရှုသည် အဘယ်သို့ ဖြေကြားခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၆း၆၃၊ ၆၄။



ယေရှုတရားသူကြီး ဖြစ်မည့်အချိန်နှင့် ကယာဖသည်လည်း တရားစီရင်ခြင်းခံရမည့်အချိန်အကြောင်းနှင့် ပတ်သက်၍ ယေရှု ပြောဆိုရာ၌ ကယာဖသည် ထိုအကြောင်းကို စဉ်းစား၍ စိတ်ပူပန်ခြင်း ဝေဒနာခံစားခဲ့ရလေ၏။ သူဘယ်တော့မျှ ဖွင့်ဟလိမ့်မည်မဟုတ်ဟု မျှော်လင့်ထားသည့် သူ့အသက်တာတွင် မှောင်မိုက်သော လျှို့ဝှက်ချက်များစွာ ရှိခဲ့သည့်အတွက် ထိုအရာသည် သူ့အား ပို၍ကြီးသော အန္တရာယ်ဖြစ်စေခဲ့လေ၏။

ထိုအခါ ကယာဖသည် ဒေါသအမျက်ပြင်းထန်လာခဲ့၏။ ထိုမျှမက၊ သူသည် ဇဒ္ဒုကဲ တစ်ယောက်ဖြစ်၏။ သူသည် ရှင်ပြန်ထမြောက်ခြင်းကိုလည်း မယုံကြည်ခဲ့တော့ချေ။ အလွန်စိတ်ပျက်စရာကောင်းသည်မှာ ဤအကျဉ်းသားသည် ၎င်းအတွက်ကြောင့် သူ့အား စိုးရိမ်ပူပန်စေနိုင်ခဲ့၏။ ထို့ကြောင့် သူသည် သူ၏အတွေးကို လျန်မြန်စွာ ပယ်ရှားမေ့ပစ်၏။ သူ့၏ အမျက်ဒေါသဖြင့် နောက်ပိုင်း ကယာဖသည် ဘာများလုပ်ဆောင်ခဲ့သနည်း။ အငယ် ၆၅၊ ၆၆။

ယဇ်ပရောဟိတ်က သူ၏ဝတ်လုံပေါ်မျက်ရည်ဘယ်တော့မှ မကျသင့်ကြောင်း ဘုရားသခင် ပြောထားခဲ့သည်။ သို့သော် လူများသည် တစ်စုံတစ်ယောက်က ဘုရားသခင်ကို ပြစ်တင်ပြောဆိုလျှင် သူ၏ဝတ်လုံပေါ် မျက်ရည်ကျနိုင်ကြောင်း ဥပဒေတစ်ခုပြုလုပ် ပြဌာန်းခဲ့လေ၏။ သို့သော် လူ့ပညတ်များသည် ဘုရားသခင်၏ပညတ်တော်များကို ပြောင်းနိုင်သလား။

လွှတ်တော်ကောင်စီက ယေရှုသည် အသေခံသင့်ကြောင်း သဘောတူခဲ့လေ၏။ သို့သော် သူတို့သည် ညအချိန်အတောအတွင်း တစ်စုံတစ်ယောက်ကို တရားဝင် အပြစ်မတင်နိုင်ခဲ့ချေ။ ထို့ကြောင့် မိုးလင်းသည့်တိုင်အောင်စောင့်၍ ယေရှုကို လူအများရှိရာ ဗဟိုရုံးအနီးသို့ ခေါ်ဆောင်ခဲ့ကြလေ၏။

**လက်တွေ့ကျင့်သုံးရန်** - ယေရှုကို ရုံးတင်စစ်ဆေးမှုသည် အနည်းဆုံးနှစ်ကြိမ်တိုင်တိုင်စစ်ဆေးခဲ့သည်။ ယေရှုသည် မှန်သည်၊ သို့သော် သူသည် မှားခဲ့ကြောင်းကို ယေရှု၏စာရိတ္တတော်အားဖြင့် ကယာဖအား သိသာစွာ သဘောပေါက်စေခဲ့သည်။ သူသာ မှားကြောင်း၊ ထိုပြစ်မှုထင်ရှားခြင်းများနှင့်အတူ သူဘာလုပ်ခဲ့သနည်း။ တစ်စုံတစ်ခုကြောင့် သင့်အား သန့်ရှင်းသောဝိညာဉ်တော်သည် ပြစ်မှုထင်ရှားကြောင်း ပြသနေသောအခါ သင့်အနေဖြင့် ဘာလုပ်သင့်သနည်း။

## အင်္ဂါနေ့ ၊ ပေတရု ယေရှုကို ငြင်းပယ်ခြင်း (ရှင်မဿဲခရစ်ဝင် ၂၆း၆၇-၇၅) ၃

ယေရှုသည် ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည့်အခါ၊ သူသည် မနက်မိုးလင်းရန်အတွက် စောင့်ဖို့ရန် လူများမြင်ကွင်း ဗဟိုရုံးကွင်းသို့ ခေါ်ဆောင်ခြင်းခံရ၏။ ထိုစဉ်ထိုနေရာ၌ သူ့အား ကာကွယ်ကူညီမည့်သူ တစ်စုံတစ်ယောက်မျှ မရှိခဲ့ချေ။ အလွန်ဆိုးသောလူများသည် ယေရှုအား ရာဇဝတ်ကောင်ကဲ့သို့ နှိပ်စက်ဆက်ဆံခဲ့ကြ၏။ သူတို့သည် သူ၏တိတ်ဆိတ်ခြင်းက ဘုရားသားတော်ဖြစ်ကြောင်းကို ကြားခဲ့ပြီးဖြစ်သည်။ သူတို့သည် ယေရှုကို ပျက်ရယ်ပြုခဲ့ကြ၏။ သူ၏စကားတော်များကို ကဲ့ရဲ့ပြီး ဟာသပြုလုပ်ခဲ့ကြလေသည်။ ရှင်မဿဲခရစ်ဝင် ၂၆း၆၇။



သို့ သော် ၊ ယေရှုကိုထိုထက်မက ပို၍ စိတ်ထိခိုက်စေသောအဖြစ် အပျက်တစ်ခု ဖြစ်ပျက်ခဲ့၏။ ပေတရုနှင့် ယောဟန်တို့သည် တရားရုံးခန်းမထဲသို့ ယေရှုနောက်လိုက်ခဲ့ကြသည်။ ယောဟန်သည် ယေရှုနှင့်နီးသထက်နီးအောင် လိုက်သွားခဲ့၏။ သို့သော် ပေတရုသည် သူ့အား ယေရှုနှင့် သိကျွမ်းသောသူဖြစ်ကြောင်း လူများအား မသိစေချင်ခဲ့ချေ။ သူသည် တရားရုံးဝင်းထဲ ပတ်ပတ်လည် ဆူပူနေသော လူ့အဖွဲ့တစ်ဖွဲ့နှံ့ပူး ပေါင်းခဲ့ပြီး၊ သူ့ပတ်လည်၌ရှိသောလူများလုပ်သည်နည်းတူ လုပ်ရန်ကြိုးပမ်းခဲ့လေ၏။

ထိုအချိန်ခဏတွင်၊ လူတစ်ယောက်သည် ပေတရု ဝမ်းနည်းနေသည်ကို သတိထားမိခဲ့၏။ သူမသည် ဘာပြောခဲ့ပြီး၊ ပေတရုက အဘယ်သို့ တုန့်ပြန်ခဲ့သနည်း။ အငယ် ၆၉၊ ၇၀။

ထိုနောက် ပေတရုသည် ယေရှုကို လှောင်ပြောင်ပျက်ရယ်ပြုနေသော လူအုပ်ကြီးနှင့် သူတို့ ပြုလုပ်ခဲ့သည်နည်းတူ လုပ်ရန် ပူးပေါင်းကြိုးစားခဲ့လေ၏။ သို့သော် လူတစ်ယောက်သည် သူ့အားတဖန် သတိထားမိပြန်သည်။ အငယ် ၇၁၊ ၇၂။

တစ်နာရီခန့်လောက်ကြာသော်၊ နောက်တဖန် ရှေ့ကကဲ့သို့ ဖြစ်ပြန်၏။ လူတိုင်းက ယေရှု၏တပည့်တော်များသည် စကားပြော နူးညံ့ကြောင်း သိကြ၏။ ဤအချက်ကြောင့် ပေတရုကို သတိထားမိစေခဲ့ခြင်းဖြစ်သည်။ သို့သော်၊ ထိုအချိန်တွင် ပေတရုသည် ဆဲဆိုကြိမ်ဆဲပြီး ကြမ်းတမ်းညစ်ညူးသော စကားများကို စပြောခဲ့လေသည်။ အငယ် ၇၃၊ ၇၄။

ထိုအချိန်တွင်၊ ယေရှုနှင့် ပေတရုသည် တစ်ယောက်ကို တစ်ယောက်မြင်ကြပြီး ကြည့်ခဲ့ကြ၏။ ပေတရုသည် ဖြစ်ပျက်ခဲ့သော အရာအားလုံးကို ယေရှုက သိနေကြောင်း ချက်ချင်း နားလည် သဘောပေါက်ခဲ့သည်။ သို့သော် ယေရှုသည် သူ့အား စိတ်မဆိုးခဲ့ချေ။ ထိုသို့ စိတ်ဆိုးမည့်အစား၊ ယေရှုသည် သူ့၏တပည့်တော်ရင်းက စုံးစမ်းခြင်းအောက်၌ ကျဆုံးနေသည့်အဖြစ်ကို တွေ့ရသောအခါ၊ သူအလွန်ပင် ဝမ်းနည်းခဲ့လေ၏။ အချိန်အနည်းငယ်လွန်မှ၊ ပေတရုသည် ယေရှု၏ သတိပေးခြင်းကို သတိရလေ၏။ ထိုအချိန်မတိုင်ခင်၊ သူသည် ယေရှုကို ဘယ်တော့မှ ငြင်းပယ်မည်မဟုတ်ကြောင်း သူသေချာကတိပေးခဲ့သည်။ ရှင်မာကုခရစ်ဝင် ၁၄း ၂၉ - ၃၁။ ယေရှုသည် သူ့အပေါ် အဘယ်မျှလောက် ချစ်ခြင်းမေတ္တာပြည့်ဝသောသူ၊ နှိမ့်ချသိမ်မွေ့သောသူ၊ ကြင်နာသောသူဖြစ်ကြောင်း ထိုအချိန်၌ ပေတရု နားလည်သဘောပေါက်ခဲ့၏။ သူသည် ယေရှုအပေါ် အလွန်ဆိုးရွားစွာ ဆက်ဆံခဲ့သည်ကို ပြန်စဉ်းစားသောအခါ၊ မိမိကိုယ်ကို အလွန်အရှက်ရခဲ့လေ၏။

သူသည် အလွန် နှလုံးကြေကွဲစွာဖြင့် အဆောက်အဦးအပြင်ဘက်သို့ ပြေးသွားခဲ့၏။ ဂေသရေမန် ဥယျာဉ်ထိတိုင် မရပ်မနားပဲ ပြေးသွားခဲ့လေသည်။ ဒုစရိုက်နှင့် အရှက်ကြောင့် သူသည် သေသင့်ကြောင်း တောင်းဆိုခဲ့၏။ ရှင်မဿဲခရစ်ဝင် ၂၆း၇၅။

**လက်တွေ့ကျင့်သုံးရန်** - ဘာကြောင့် ပေတရုက ယေရှုကို ငြင်းပယ်ခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် ယေရှုက သူ့ကို သတိနဲ့နေရန်နှင့် ဆုတောင်းဖို့ရန် မှာသောအခါ၊ သူသည် အိပ်ငိုက်နေခဲ့သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျမ်းစာလေ့လာရန်နှင့် ဆုတောင်းရန်အတွက် ပုံမှန်အချိန် မပေးဘူးဆိုရင်ကျွန်ုပ်တို့အပေါ် ဘာတွေဖြစ်ပေါ်လာမည်နည်း။

## ဗုဒ္ဓဟူးနေ့ ၊ ယုဒရှင်ကာရုတ် (၁) ၄



ယေရှုကို တရားရုံးစီရင်ခြင်းအကြောင်း ဆက်မသွားမှီ၊ ယုဒရှကာရုတ်အကြောင်းကို ပြန်လည်လေ့လာကြပါစို့။ အကယ်၍ ယုဒရှကာရုတ်သည် ယေရုရှလင်မြို့သို့သွားသော သူ၏နောက်ဆုံးခရီးမတိုင်ခင် သေခဲ့ပါက၊ သူ့ကို အံ့သြဖွယ်ကောင်းသော တပည့်တော်တစ်ယောက်အဖြစ်နှင့်သာ ကျွန်ုပ်တို့ စဉ်းစားမိမည်ဖြစ်သည်။ ယေရှုခရစ်တော်၏တပည့်တော်များထဲမှ တစ်ယောက်သည် သူ၏ရန်သူ၊ သူ့ကို သစ္စာဖောက်သူဖြစ်လာခဲ့ကြောင်းကို လေ့လာခြင်းဖြင့် ကျွန်ုပ်တို့သည် အရေးကြီးသော သင်ခန်းစာအချို့ကို ရယူနိုင်ပါသည်။

ယုဒရှကာရုတ်သည် ယေရှုခရစ်တော်၏သာသနာအစပြုခြင်းအတွက် အနီးကပ်နောက်လိုက်တစ်ယောက်အဖြစ်နဲ့ အစပြုခဲ့၏။ သူသည် ယေရှုခရစ်တော်ဟောခဲ့သော တန်ခိုးပါသောတရားတော်များကို ကြားခဲ့ရ၏။ ယေရှုသည် ဖျားနာသောသူကို ကုသပေးခြင်း၊ မျက်ကန်းကို မျက်စိပြန်မြင်စေခြင်း၊ နတ်ဆိုးစွဲသူများကို နှင်ထုတ်ပေးခြင်းနှင့် သေသောသူများကို ပြန်ရှင်စေခြင်းစသည့် ယေရှု၏လုပ်ဆောင်သော အံ့သြဖွယ်နိမိတ်လက္ခဏာများကို သူမြင်တွေ့ခဲ့ရ၏။

ယုဒရှကာရုတ်သည် ငွေနှင့် လူအများ၏ချီးမွမ်းခြင်းကို ကြိုက်နှစ်သက်သောသူဖြစ်သည်။ သူသည် ယေရှု၏ကျော်ကြားခြင်းကို သဘောကျခဲ့လေ၏။ သူသည် ယေရှု၏တပည့်တော်များထဲမှ ချမ်းသာသော၊ ကျော်ကြားသောသူဖြစ်ဖို့ရန် ရည်မှန်းခဲ့လေသည်။

ယေရှုသည် ယုဒရှကာရုတ်၏စိတ်၌ရှိသောဇာတိမှန် စာရိတ္တကို သိခဲ့၏၊ သို့သော် သူ့ကို အဝေးသို့ နှင်မထုတ်ခဲ့ပေ။ ယေရှုသည် သူ့ကို တပည့်တော် ၁၂ ပါးထဲမှ တစ်ယောက်အဖြစ်နဲ့ လက်ခံပြီး ချစ်ခဲ့သည်။ အမှန်အားဖြင့်၊ ယေရှုသည် သူ့ကို တခြား ၁၁ ယောက် ကဲ့သို့ ဧဝံဂလိဝေငှဖို့ရန် စေလွှတ်ခဲ့၏။ တခြားတပည့်တော်များကဲ့သို့ နတ်ဆိုးများကို နှင်ထုတ်ခွင့်၊ နိမိတ်လက္ခဏာများပြုလုပ်နိုင်ဖို့ရန် တန်ခိုးကိုလည်း ပေးခဲ့သည်။ ရှင်မဿဲခရစ်ဝင် ၁၀း၁-၄။

ယေရှုသည် ယုဒရှကာရုတ်အပေါ် အလွန်စိတ်ရှည်ခဲ့သည်။ သူ့ကို ပြောင်းလဲဖို့ လိုအပ်ကြောင်း မြင်တွေ့ဖို့ရန် ယေရှုသည် သူ့ကို ကူညီဖို့ ကြိုးစားခဲ့၏။ ယေရှုခရစ်တော်နှင့် တပည့်တော်များသည် ငွေအမြောက်အမြားမရှိသော်လည်း သူတို့သည် သူတို့မှာ ရှိသည့် အနည်းငယ်ကို ဆင်းရဲသားများအား ဝေငှခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော်၊ ယုဒရှကာရုတ်သည် ငွေထိန်းတာဝန်ကို ယူရသည်။ တကိုယ်ကောင်းမဆန်ခြင်းကို သင်ယူဖို့ သူ့မှာ အခွင့်အရေးအများကြီး ရရှိခဲ့၏။

သို့သော် သူသည် ယေရှုနှင့်အတူ နေ့တိုင်းရှိသော်ငြားလည်း၊ ငွေကို ဆက်လက်ပြီးတက်မက်လိုချင်လာခဲ့၏။ သူသည် ယေရှုအတွက် တစ်ခုခုကို လုပ်ပေးသောအခါ သူ့အတွက် ချန်ထားခဲ့သေးသည်။ အဘယ်မျှလောက် ဝမ်းနည်းဖွယ်ဖြစ်ပါသနည်း။ ယုဒရှကာရုတ်သည် နိမိတ်ပြုလုပ်ရန် တန်ခိုးလက်ခံရရှိသော်လည်း သူ၏ကိုယ်ပိုင်နှလုံးသားကို ပြောင်းလဲဖို့ရန်အတွက် ယေရှု၏နိမိတ်လက္ခဏာကို သူ့အား ပြောင်းလဲစေဖို့ရန် သူခွင့်မပေးခဲ့ချေ။ ရှင်ယောဟန်ခရစ်ဝင် ၁၂း၄-၆။

**လက်တွေ့ကျင့်သုံးရန်** - တပည့်တော် ၁၂ ယောက်ထဲမှ တစ်ယောက်မျှ ယုဒရှကာရုတ်၏တကိုယ်ကောင်းဆန်ခြင်းနှင့် လောဘကို ဖြေရှင်းဖို့ရန် မလုံလောက်ပေ။ တကယ်လိုအပ်သည်မှာ သူ့ကို ပြောင်းလဲဖို့ရန် ယေရှုကို ခွင့်ပြုပေးမှ ရနိုင်သည်။ ထို့ကြောင့် သင်၏ မကောင်းသော အကျင့်စရိုက်များကို ပြောင်းလဲပစ်ရန် တခြားသော ခရစ်ယာန်များနှင့် အသင်းတော်ဘုရားကျောင်းသွားရုံနဲ့ လုံလောက်ပါမည်လော။ မည်သူကသာ သင့်ကို ပြောင်းလဲစေနိုင်မည်နည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၅း၄၊ ၅။

## ကြာသပတေးနေ့ ၊ ယုဒရှကာရုတ် (၂) (ရှင်မဿဲခရစ်ဝင် ၂၇း၃-၁၀) ၅

ယုဒရှကာရုတ်သည် ယေရှုနှင့်အတူ ရှိခဲ့သော်ငြားလည်း သူ့ကို ပြောင်းလဲရန်အတွက် ယေရှုကို ခွင့်မပေးခဲ့ပါ။ သူသည် မာနကြီးဝါကြွားသောသူ ဖြစ်လာခဲ့၏။ သူသည် မိမိကိုယ်ကို တခြားတပည့်တော်များထက်သာလွန်သည်ဟု ခံယူခဲ့၏။ ယေရှုဘုရင်ဖြစ်လာသည့်အခါ သူသည် အလွန်အရေးကြီးသောနေရာတစ်ခုရရန် မျှော်မှန်းခဲ့သည်။ သို့သော် သူထင်သည့်အတိုင်း ယေရှုသည် ဘုရင်အဖြစ်နဲ့ မလုပ်ဆောင်ခဲ့ချေ။

ထို့အပြင်၊ ယေရှုသည် သူ့နောက်လိုက်တပည့်တော်များကို သူ့အား တရားရုံးသို့ဖမ်းဆီးခြင်းနှင့် နှိပ်စက်ခြင်းဟူသော ဝမ်းနည်းဖွယ် အကြောင်းကို ဆက်ပြောပြခဲ့၏။ များမကြာမီတွင်၊ ယေရှုသည် ယုဒရှကာရုတ်ကို မြင့်သောရာထူးပေးမည် မဟုတ်ကြောင်း ၎င်းသည် ပိုရှင်းသွားသည်။ သူ့စိတ်တွင် ယေရှုသည် စစ်မှန်သော မေရှိယဖြစ်သလားဟု သံသယက စဝင်လာခဲ့၏။ ထို့နောက် သူ၏သံသယကို အခြားသော တပည့်တော်များအား အကြံပေးရန် စတင်ခဲ့သည်။ ၎င်းသည် တပည့်တော်များကြား ရှုပ်ထွေးစေခဲ့လေ၏။

ယေရှုက ယုဒရှကာရုတ်၏စိတ်မှာ မည်သို့ဖြစ်နေသည်ကို သိရှိခဲ့၏။ ရှင်ယောဟန်ခရစ်ဝင် ၆း၇၀၊ ၇၁။ သို့သော်လည်း သူ့ကို အဝေးသို့ မနှင်ထုတ်ခဲ့ပေ။ ယေရှုသည် သူ့အား ချစ်ပြီး ကယ်တင်ခြင်းရရှိဖို့ရန် အလိုရှိခဲ့၏။